ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၀)

(Village Development Project)

မန်းပွဲလုံကျေးရွာအုပ်စု၊ ခိုလိတ်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခိုလိတ်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ခိုလတ်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	ခိုလိတ်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လာ:ရှိုးမြို့နယ်	၇
	ခိုလတ်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ခိုလတ်ကျေးရွာ
လားရှိုးမြို့နယ်


ခိုလိတ်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



ခိုလိတ်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



ခိုလိတ်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လာ:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ခိုလိပ်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်အတွင်း၌ တည်ရှိပါသည်။ လားရှိုးမြို့၏ တောင်ဘက်တွင် တည်ရှိပြီး ဇရိယာအကျယ်အဝန်းမှာ(၁) စတုရန်းမိုင် ရှိပါသည်။ လားရှိုးမြို့နှင့်(၁၃)မိုင် အကွာအဝေးခန့်တွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် မန်ပုံကျေးရွာ၊ မြောက်ဘက်တွင် စျေးကုန်းကျေးရွာ၊ တောင်ဘက်တွင် ခိုက်ဆင်ရွာတို့နှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ရွာ၏ အနောက်ဘက်တွင် နမ့်ယောဝ်ခေါ် အေဒီချောင်းစီးဆင်းလျက်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၂၅၀၀ခန့်ရှိပြီး မျှတသော ရာသီဥတုရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၄.၅)ဧက၊ ယာမြေ/တောင်ယာမြေ(၃၈၅)ဧက၊ ဥယျာဉ်ခြံမြေ(၂၆)ဧကနှင့် စားကျက်မြေ(၁၄)ဧက စုစုပေါင်း (၄၄၉.၅)ဧကရှိပါသည်။ ရွာ၏ အရှေ့ဘက် ၁မိုင်ပတ်ဝန်းကျင်တွင် သဘာဝကျောက်တောင်များရှိပါသည်။ သဘာဝစိမ့်စမ်းရေများနှင့် လယ်စိုက်ကွင်းများရှိပါသည်။ မြောက်ဘက်တွင်လည်း ရှုနံခိုက်ဘုရားအတွင်းမှ စိမ့်စမ်းရေစီးဆင်းလျက်ရှိပါသည်။ အနောက်ဘက်တွင် နမ့်ယောဝ်ချောင်းနှင့် သဘာဝဖြုံး(သို့)သဲတောင်များ သဘာဝပေါက်ရောက်သော သစ်တောများရှိပါသည်။ တောင်ယာများနှင့် လယ်ကွက်များမှာ ရွာကိုဝိုင်းရံလျက်ရှိပြီး ကျွဲ၊ နွားတိရစ္ဆာန်များအတွက် စားကျက်မြေ များလည်း အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်တို့မရှိပါ။ ကျောက်၊ သဲ အသင့်အတင့်ရှိပါသည်။ ထုတ်ယူသုံးစွဲရန် ခက်ခဲပါသည်။ သဘာဝအပင် မျိုးစိတ်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ အများအပြား လွယ်ကူစွာရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးလှပါသည်။ ကျီး၊ တောက်၊ တောကြက်နှင့် အခြားသတ္တဝါငယ်၊ မြေအောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင်ပါသည်။ ငှက်အမျိုးအစိတ်များ အမျိုးမျိုးကိုလည်း တွေ့ရှိနိုင်ပါသည်။ ရေအောက်တွင်နေထိုင်ပါသော သက်ရှိသတ္တဝါဒေသငါးမျိုးစိတ်များကိုလည်း တွေ့ရှိနိုင်ပါသည်။

လူဦးရေထူထပ်လာခြင်းနှင့် သစ်တော ပြုန်းတီးခြင်းများကြောင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးလာကြောင်း ယူဆရပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ခိုလိတ်ကျေးရွာတွင် ပလောင်လူမျိုးအများစုဖြစ်ပြီး ကျန်တိုင်းရင်းသားများဖြစ်သော ရှမ်း၊ ကချင်၊ ကိုးကန့်စသည့်တိုင်းရင်းသားများလည်း နေထိုင်ကြပါသည်။ အိမ်ထောင်စု (၈၇) အိမ် ရှိပြီး လူဦးရေစုစုပေါင်း(၄၁၆)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၂၀၇)ယောက်၊ မ (၂၀၉)ယောက် စုစုပေါင်း(၄၁၆) ယောက် ရှိပါသည်။ နို့စို့အရွယ် ကလေး ကျား(၃)ယောက်၊ မ (၃)ယောက်၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၁၈)ယောက်၊ မ(၁၇)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၂၃)ယောက်၊ မ(၄၃)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၃၃) ယောက်၊ မ(၂၂)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၁၂၄)ယောက်၊ မ(၁၁၆) ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၆)ယောက်၊ မ (၈)ယောက်ရှိပါသည်။ မွေးကင်းစ ကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ် ဆေးထိုးပေးကြပြီး တစ်ချို့သော မိဘများသည် ကလေးများ ဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြို ကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘ များက ဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက်ကြပါသည်။ **ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် မူလွန်ကျောင်း (မယ်ဟန်ကျောင်းခွဲ) တစ်ကျောင်းရှိပါသည်။ ကျောင်းသို့ ခြေလျင်ဖြင့် သွားရပါသည်။ (၀.၁) မိုင်အတွင်း တည်ရှိ ပါသည်။ ကျောင်းဇရိယာ စတုန်းရန်းပေ (၈၆၀)ပေခန့် ရှိပါသည်။** ကျွန်မတို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကျား(၁)ဦး၊ မ(၁)ဦးသာရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်း နှင့် ဈေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်တွင်း၊ ပြည်ပများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်တော်တို့ ခိုလိတ်ကျေးရွာ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေး လုပ်ငန်း ဖြစ်ပါသည်။ ပြောင်းနှင့်စပါးကို အဓိကစိုက်ပျိုးပါသည်။ အခြားသော ဥယျာဉ်ခြံလုပ်ငန်းနှင့် ရာသီဥတုအလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းကိုလည်း မိသားစုအနည်းငယ်လုပ်ကိုင်ကြ ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၄.၅)ဧက၊ ယာမြေ/တောင်ယာမြေ (၃၈၅)ဧက၊ ဥယျာဉ်ခြံမြေ(၂၆)ဧက၊ စားကျက်မြေ(၁၄)ဧက စုစုပေါင်း (၄၄၉.၅)ဧကရှိပါသည်။ မြေယာမပိုင်ဆိုင်သော မိသားစုများအတွက် ခြံဌားရမ်းခြင်း(သို့)နေ့စားအလုပ်ကို လုပ်ကိုင်ခြင်း အားဖြင့် အသက်မွေးရပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးဖြစ်သော ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ မွေးမြူခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရရှိသော သီးနှံများတွင် ဟင်းသီးဟင်းရွက်များကို ရောင်းချလည်း အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စိုက်ပျိုး ရာသီပြီးချိန်တွင် တစ်နိုင်တစ်ပိုင်အနေဖြင့် သစ်၊ ဝါး၊ မျှစ်များကိုလည်း ရှာဖွေရောင်းချသော မိသားစုများလည်း ရှိပါသည်။ တစ်ချို့အိမ်ထောင်စုများသည် စိုက်ပျိုးရေး အလုပ် နှင့်တင် ဝမ်းစာမလုံလောက်၍ ပြည်တွင်းနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ပြီး မိသားစုကို ဘဏ်မှ တဆင့် ငွေလွှဲပေးကြ ပါသည်။

ကျွန်တော်တို့ ခိုလိပ်ကျေးရွာ၏ (၃၃.၃၃%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက်ရှိသော အိမ်ထောင်စုသည် (၂၀.၆၉%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများ ဖြစ် ၍ မြေယာအနည်းငယ် ရှိပါ သည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စု သည် (၉.၂၀%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေ ပိုင်ဆိုင်မှု ၅ဧကမှ၁၂.၅ဧကကြားရှိသော အိမ်ထောင်စုသည်(၂၄.၁၄%)ခန့်ရှိပြီး တောင်သူလတ် များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ဧကအထက်ရှိသော အိမ်ထောင်စု သည်(၁၂.၆၄%)ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။

ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းချေစက်နှင့် အခြားကိုယ်ပိုင်စီးပွားရေးရှိသောသူများကို အဆင်ပြေ သော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုး ဆိုင်ကယ်၊ စက်ဘီးပိုင်ဆိုင်သော သူများကို အလယ်အလတ် သတ်မှတ်ပါသည်။ ကိုယ်ပိုင် မရှိသော လယ်၊ ယာ တစ်နေ့လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်း လုပ်သောသူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီး

များရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည်သည်ဟု ယူဆသည်။

ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၈၀၀၀)မှ (၅၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၅၀၀၀)မှ အနည်းဆုံး(၄၀၀၀)ထိပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ကျေးရွာတွင်

ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့်တောတောင်အတွင်းရှိ သစ်ပင်များကို ခုတ်ယူပြီး မီးသွေးများ ဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ တောင်ကျရေကြောင့် ရံဖန်ရံခါရေကြီးမှု များရှိတတ်ပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတု မမှန်ခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ **သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင်များ စိုက်ပျိုးခြင်း မရှိပါ။** မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဒွက်ဖျားရောဂါ ဖြစ်ပွားမှုအနည်းငယ် ခံစားရလေ့ ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေး များ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချိုင့်ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ စားဝတ်နေရေးအတွက် အခြား ဒေသတို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက် မရှိသောကြောင့် ထိခိုက် လွယ်မှု မြင့်ပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများဖြစ်တတ်သည်။ **ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင် ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ ဖြစ်ပါသည်။**

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ကျွန်တော်တို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးခေါင်းဆောင်အဖွဲ့၊ အမျိုးသားခေါင်းဆောင်အဖွဲ့ တို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှု ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများ လိုအပ်သော အကူအညီများ ကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသား များနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

ခိုလိတ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ မရှိပါ။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် စိုက်ပျိုးမြေကေပါင်း(၄၄၉.၅)ကေရှိပြီး မစိုက်ပျိုးပဲ ထားသော မြေလွတ်မြေလပ်မရှိပါ။ **ခိုလိပ်ကျေးရွာ၏ လယ်မြေ မြေဆီလွှာ အရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်းကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။**

ကျွန်တော်တို့ ခိုလိပ်ကျေးရွာ၏ (၃၃.၃၃%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု ၂.၅ကေအောက် ရှိသော အိမ်ထောင်စုသည် (၂၀.၆၉%)ခန့်ရှိပြီး ဆင်းရဲသား တောင်သူ များဖြစ်၍ မြေယာအနည်းငယ် ရှိပါ သည်။ မြေပိုင်ဆိုင်မှု ၂.၅ကေမှ ၅ကေကြားရှိသော အိမ်ထောင်စုသည် (၉.၂၀%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေ လုံလောက်မှု ရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ကေမှ ၁၂.၅ကေကြားရှိသော အိမ်ထောင်စုသည်(၂၄.၁၄%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုကေများပါသည်။မြေပိုင်ဆိုင်မှု၁၂.၅ကေအထက် ရှိသော အိမ်ထောင်စုသည်(၁၂.၆၄%)ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှုကေများပါသည်။

ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ ပြောင်း၊ စပါး၊ နှမ်း၊ ပဲပုပ်၊ မြေပဲ၊ ဆားငန်သီး၊ ပိန္နဲသီး၊ လိုင်ချီးသီးတို့မှာ ရာသီအလိုက် ထွက်ကုန်သီးနှံများဖြစ်ပါသည်။ စပါး၊ ပြောင်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ မိုးရာသီကို သာ မှီခို၍ တစ်သီးစားသာစိုက်ပျိုးကြပါသည်။ မြေဆီလွှာအနေအထားမှာ တဖြည်းဖြည်း ညံ့ဖျင်းလာသည်ကို တွေ့ရှိရပါသည်။ သဘာဝမြေဩဇာများထက် ဓာတ်မြေဩဇာများကို နှစ်စဉ်ဝယ်ယူသုံးစွဲနိုင်ပါသည်။ ယခုနှစ်တွင် ငမြှောင်တောင်ပိုးကဲ့သို့သော ဖျက်ပိုးများကျရောက်သဖြင့် တောင်သူများအတွက် အခက်အခဲတွေ့ကြုံရင်ဆိုင်ရပါသည်။ ထို့အပြင် ပေါင်းဓာတ်၊

ဆေးပိုးသတ်ဆေးများကို ဝယ်ယူသုံးစွဲရသောကြောင့် သွင်းအားစုသုံးငွေကို ပို၍ အသုံးပြု နေရပါသည်။ တိကျခိုင်မာသော စျေးကွက်မရှိခြင်းသည်လည်း တောင်သူများအတွက် အခက်အခဲ ရှိပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၇၀)တင်းထွက်ပြီး၊ ပြောင်းအထွက်နှုန်းမှာ တစ်ဧကော ပျမ်းမျှ(၅၀)ပိုး ထွက်ပါသည်။ စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ ဩဂုတ်လ အထိဖြစ်ပြီး အမြတ် ရရှိမှုမှာ နည်းပါသည်။**အမြတ်ရရှိနိုင်မှုမှာ သီးနှံစျေးကွက်အလိုက် အတက်အကျ ပေါ်မူတည်၍ အမြတ်ရရှိကြ ပါသည်။ အများအားဖြင့် မှာ ထင်သလောက် အမြတ်မရရှိကြပေ။ သီးနှံစိုက်ပျိုးရာတွင် မြေဆီ နည်းသောကြောင့် မြေဩဇာ အများအပြားထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍ အမြတ် နည်းသည်ကို တွေ့ရှိရပါသည်။**

ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၁)လုံး၊ လက်တွန်းထွန်စက်(၂၀)လုံး၊ ရိတ်သိမ်းခြွေလှေ့စက် (၉)ခု၊ ရေစုပ်စက်(၅)၊ ခြေနင်းရေတင်စက်(၁)ခုနှင့် မြက်ရိတ်စက်(၄)ခုရှိပြီး တစ်ချို့အိမ်ထောင်စုများသည် လိုအပ် သော စက်ကိရိယာများကို ငွေကြေး မတတ်နိုင်သည့်အတွက် အချင်းချင်းထံတွင် ငှားရမ်း အသုံးပြုကြပါသည်။ကျေးရွာတွင် လယ်ယာမြေအကုန်လုံးကို စိုက်ပျိုးနိုင်သောကြောင့် လယ်ယာမြေ အသုံးချနိုင်မှု အလွန်ကောင်းပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေကို မိဘနှင့်ဆွေမျိုးများထံတွင် အတိုးနှုန်း(၂%)ဖြင့် ချေးယူ၍ ရနိုင်ပါသည်။ စိုက်ပျိုးရေအရင်းအမြစ်သည်လည်း အသင့်အတင့် ရှိပါသည်။ ထို့အပြင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုလည်း နီးစပ်ရာ ပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံများကို ရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ကျွန်တော်တို့ရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါ ကျရောက်မှု အနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်းနည်းပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၇)အိမ်ရှိပြီး နွားကောင်ရေ (၅၉)ကောင်၊ အိမ်ထောင်စု(၂၁)အိမ်မှ ကျွဲ(၇၄)ကောင်၊ အိမ်ထောင်စု(၂၈)အိမ်မှ ဝက်(၁၁၇) ကောင်၊ အိမ်ထောင်စု(၄၈)အိမ်မှ ကြက်(၇၆၅)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးဖြစ်သော ကျွဲ၊ နွား၊ ဝက်၊ ကြက်တိရိစ္ဆာန် များကို ခွာနာ၊ လျှာနာ၊ တုပ်ကွေး၊ ဝမ်းကျရောဂါများ ဖြစ်ပွားလျှက်ရှိပါသည်။ **ဆေးဝါးဗဟုသုတ ပညာ** မွေးမြူကြပါသည်။ ယခုနှစ်တွင် ကျွဲ၊ နွားတိရစ္ဆာန်ပိုမိုမွေးမြူလာကြသောကြောင့် စားကျက်မြေ ရှားပါးမှုနှင့်လည်း ရင်ဆိုင်နေရပါသည်။ တိရစ္ဆာန်များတွင်ကျရောက်တတ်သော **နည်းပါး သောကြောင့်**

ဆုံးရှုံးမှုများ လည်းရှိပါသည်။ အချို့တိရစ္ဆာန်များမှာ အချိန်မီဆေးဝါး ကုသ နိုင်ခြင်း မရှိသောကြောင့် မဆုံးရှုံးသင့်ပဲ တိရစ္ဆာန်များ သေဆုံးနေကြကြောင်းကိုလည်း လေ့လာသိရှိ ရပါသည်။ တိရစ္ဆာန်ရောင်းဝယ်မှု လုပ်ငန်းတွင် ယခုနှစ်တွင် ရသင့်ရထိုက် သည့် ဈေးနှုန်းများမရရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ကျွန်တော်တို့ရွာတွင် မွေးမြူရေး လုပ်ကိုင်ရန် အလားအလာအမြောက်အမြား ရှိပါသည်။ စိမ့်စမ်းရေများရှိခြင်းကြောင့် ရေ အလုံအလောက်ရရှိပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေအသင့်အတင့်ရနိုင်ပြီးအစာ၊ ဆေး များကိုလည်း နီးစပ်ရာ ဈေးကွက်တွင် ဝယ်ယူနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ရှိသောကြောင့် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ မွေးမြူရေးလုပ်ရန် အိမ် ခြံမြေအတွင်း မြေနေရာ အသင့်အတင့်ရှိပါသည်။ ရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ ကျွန်တော်တို့ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာ ဝန်ဆောင်မှုများ မရပါ။ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုများရရှိလျှင် ကျွန်တော်တို့ရွာ အတွက် အလွန်အဆင်ပြေပြီး ရွာသူ/ရွာသားများအတွက် အလုပ်အကိုင်ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့ သွားရောက်၍ စီးပွားရှာစရာ မလိုတော့ပါ။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့မှာ မိသားစုများ အနေဖြင့် ပန်းရံ၊ လက်သမား၊ နေ့စား၊ ကျပန်းဈေးရောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင် လျှက်ရှိပါသည်။ ယာဉ်မောင်း၊ ယောဉ်စက်ပြင်ခြင်းကိုလည်း အသက်မွေးဝမ်းကျောင်းပြုနေသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖုရှာဖွေခြင်းလုပ်ငန်းနှင့် ခြံထွက် သီးနှံများ ဈေးသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ ဈေးကွက် မကောင်း သောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ ခိုလိပ်ကျေးရွာသည် လားရှိုးမြို့နှင့်(၁၇)မိုင်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျွန်တော်တို့ကျေးရွာသည် မဟာဓါတ်အားလိုင်းရရှိသော ကျေးရွာဖြစ်၍ လျှပ်စစ်မီးအသုံးပြုမှု အဆင်ပြေပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း များကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသ ထွက်ကုန်များ ရောင်းချရန် ဈေးကွက်နှင့်အသိအမြင်များ မရှိ၍ ဈေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်း

လုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်း ပညာနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် မိတ်ဆွေနှင့်ဆွေမျိုးများထံတွင် အတိုးနှုန်း ၂%ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို (၃)လမှ (၆)လအတွင်း ပြန်၍ဆပ်ရပါသည်။ ချေးငွေကို ချေးယူ ရာတွင် အပေါင်ခံပစ္စည်းမလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုချင်သလောက်မရပါ။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာတွင် စက်ဘီး(၇)စီး၊ မော်တော်ဆိုင်ကယ်(၇၅)စီး၊ သုံးဘီး(၁)စီး၊ ထော်လာကျီ(၄)စီး၊ ကား(၂၃)စီး နှင့်နွားလှည်း(၂)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ရွာတွင်းလမ်း(၄)လမ်းရှိပါသည်။ ကတ္တရာလမ်းမကြီးတစ်လမ်း၊ မြေသားလမ်း (၃)လမ်းဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာ၏လမ်းများကို ဆယ်နှစ်ရာသီသုံးစွဲရန် အခက်အခဲများရှိပါသည်။ ခြောက်သွေ့သော ကာလရာသီတွင် လွယ်ကူစွာအသုံးပြုနိုင်သော်လည်း မိုးတွင်းကာလတွင် ရွံ့များ၊ ပွက်အိုင်များ ဖြစ်ပေါ်လာသောကြောင့် ယာဉ်များသွားလာရန်အတွက် ခက်ခဲလှပါသည်။ ယခုတွင် ရွာလယ်လမ်း (သို့) နတ်ဆင်လမ်းကို ပေ (၁၀၀၀)ကွန်ကရစ်လမ်း တည်ဆောက်ခြင်းခဲ့ ကျေးလက်ဌာန၏ ဖွံ့ဖြိုးကူညီဆောင်ရွက်မှုကြောင့် စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ရွာတွင်း သံချိုင်းလမ်းကို ကျောက်ခဲလမ်းအဆင့်ထိ ခင်းကျင်းပြီး ဖြစ်ပါသည်။

ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် တံတားကြီးတစ်စင်းသာ ရှိပါသည်။ မန်းပွဲနှင့် ခိုလိတ် ဆက်သွယ်ထားသော ကွန်ကရစ်တံတားကြီး ဖြစ်ပါသည်။ အဆိုပါ တံတားကို ဆောက်လုပ်ခဲ့သည်မှာ ကြာမြင့်ပြီးဖြစ်၍ ရပ်ရွာလုပ်အားဖြင့် နှစ်စဉ်နှစ်တိုင်း ပြုပြင်ထိန်းသိမ်းရပါသည်။ လားရှိုး-မန္တလေးမီးရထားလမ်းလည်း ခိုလိပ်ရွာကို ဖြတ်သွားလျက်ရှိသည်။ ကုန်စည်စီးဆင်းမှုတွင် ကားလမ်း၊ ရထားလမ်း(၂)မျိုးလုံး အသုံးပြုနိုင်ပါသည်။ ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း မရှိပါသဖြင့် ရေကြောင်း သယ်ယူ ပို့ဆောင်ရေး မရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူ အိမ်ထောင်စု

(၄၇)စု၊ ဆိုလာစနစ်ဖြင့် အသုံးပြုသူ အိမ်ထောင်စု(၄၀)စုရှိပါသည်။ **အချို့အိမ်ထောင်စုများ၊ မိသားစုများက လျှပ်စစ်မီးလျှောက်ထားခြင်း မရှိသေးပါ။ ရာခိုင်နှုန်းအားဖြင့် သတ်မှတ်ရလျှင် (၅၄)ရာခိုင်နှုန်း အိမ်ထောင်စုများ လျှပ်စစ်မီးရရှိပြီး ဖြစ်ပါသည်။ လျှပ်စစ်မီး မရနိုင်သေးသော အိမ်ထောင်စုများ လျှပ်စစ်မီးရရှိရန်အတွက် ရပ်ရွာမှစီမံကိန်း ချထားလျှက်ရှိပါသည်။ လျှပ်စစ်မီး သွယ်တန်းခများကို ရပ်ရွာမှ ပံ့ပိုးငွေဖြစ် ကူညီသွားရန် ဖြစ်ပါသည်။**

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ခိုလိတ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၀၅)လုံး၊ ရေဒီယို(၆)လုံး၊ တီဗွီ(၂၆)လုံး၊ ဂြိုလ်တုစလောင်း(၁၅)ခုတို့ မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၇။ ပညာရေး

ကျွန်တော်တို့ ကျေးရွာတွင် မူလွန်ကျောင်း (မယ်ဟန်ကျောင်းခွဲ) တစ်ကျောင်းရှိပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့်ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ **ကျောင်းဧရိယာ စတုရန်းပေ (၈၆၀)ပေခန့် ရှိပါသည်။ အမိုး၊ နံရံ၊ အခင်းသည် အရည်အသွေးကောင်းမွန်ပြီး** ကျောင်းသုံး ပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာသည်လည်း ယင်လုံအိမ်သာဖြစ်သောကြောင့် ကျောင်း၏ ကလေးများ ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ **အထက်တန်း ကျောင်းကို လားရှိုးမြို့သို့ တက်ရောက် ရပါသည်။ စုစုပေါင်း (၁၃)ဦး ကျေးရွာခန့် တစ်ဦး အပါအဝင် ဖြစ်ပါသည်။ ကျောင်းသားနှင့် ဆရာ/မ လုံလောက်မှုမရှိကြောင်း လေ့လာတွေ့ရှိပါသည်။**

မူလတန်းအဆင့်ပညာရေးတွင် ၁၀၀%တက်ရောက်သင်ကြားနိုင်ပါသည်။ အလယ်တန်း၊ အထက်တန်းအဆင့်တွင် တက်ရောက်နိုင်သော ကျောင်းသူ/ကျောင်းသားများနည်းပါးလာသည်။ တက္ကသိုလ်ပညာအဆင့်တွင် ၁ဦးသာပြီးမြောက် သင်ကြားနိုင်ခဲ့ပါသည်။ ထို့ကြောင့် ဘွဲ့ရပညာ တတ်များ အလွန်အလွန်နည်းပါးလာပါသည်။ ဤကဲ့သို့ဖြစ်ရသော အကြောင်းရင်းများကို ဖော်ပြရလျှင် ထိုအကြောင်းများကြောင့်သာ ဖြစ်နိုင်သည်။ မိသားစုဆင်းရဲနွမ်းပါးခြင်း၊ လုပ်ငန်းခွင်၌ ကူညီလုပ်ဆောင်မည့်သူမရှိခြင်း၊ ပညာရေးစိတ်မဝင်စားခြင်း၊ အသက်အရွယ်မပြည့်ခင် အိမ်ထောင်ပြုခြင်းများကြောင့်ဖြစ်ပါသည်။ ရွာတွင် ကျောင်းမရှိသော်လည်း စျေးကုန်းရွာသို့ သွားရောက်ပညာသင်ကြားပါသည်။ မူလွန်တွဲကျောင်းသာဖြစ်ပြီး အဋ္ဌမတန်းအထိသာ သင်ကြားခံယူနိုင်ပါသည်။ ကျောင်းသားဦးရေစုစုပေါင်း(၅၃၀)ခန့်သာရှိပါသည်။ ဆရာ/ဆရာမဦးရေ (၁၃)ဦး၊ ကျေးရွာခန့်(၁)ဦးအပါအဝင်ဖြစ်ပါသည်။ ကျောင်းသားနှင့်ဆရာမ မညီမျှမှုကို တွေ့ရှိရပါသည်။ အဆောက်အဦးဒုဆောင်သာရှိသော်လည်း ကျောင်းသားဦးရေများသဖြင့် ကျောင်းဆောင် လုံလောက်မှု

ရှိပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ ခိုလိတ်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသော်လည်း (၁၁)ရွာအတွက် ဆေးခန်းနှင့်သူနာပြုဆရာမ (၂)ဦးခန့်ထားပါသည်။ ဆရာမတို့မှ ကျေးရွာတွင် ကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများ ဖြန်းပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အချိန်မီကုသနိုင်ပါသည်။ အနီးပတ်ဝန်းကျင်ရွာများအတွက်လည်း လာရောက်ဆေးကုသနိုင်သည့်အတွက် လွန်စွာအဆင်ပြေပါသည်။

ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင်စားသုံးခြင်း မရှိခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုများ ပါသည်။ ရာသီအလိုက် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းများ မရှိသောကြောင့် ဌက်ဖျားရော ဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ခြင်ဆေးများ ဖြန်းခြင်း၊ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ရောဂါပြန့်ပွားမှုနည်းပါသည်။

ကျွန်တော်တို့ကျေးရွာ၌ နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ **နွေနှင့်ဆောင်းကာလတွင် သောက်သုံးရေကောင်းသော်လည်း မိုးရာသီတွင် အနည်းငယ် အခက်အခဲရှိပါသည်။ မိုးရာသီတွင် မိုးရေများ များစွာစီးဆင်းမှုကြောင့် ရေနောက်ပြီး သောက်သုံးရန်အတွက် မသင့်ပေ။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိက အားထားနေရပါသည်။ အကယ်၍ စိုက်ပျိုးရေးအတွက် ချောင်းများမှ ဆည်များ တည်ဆောက်လျှက် မြေရရှိနိုင်လျှင် နွေမိုးဆောင်း စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ ဝင်ငွေများနှင့် အလုပ်အကိုင် အခွင့်အလမ်းမှာလည်း ပိုမိုတိုးတက် လာနိုင်မည်ဖြစ်ပါသည်။** ကျွန်တော်တို့ ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲ ကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ခိုလိတ်ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တော သစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်း မရှိပါ။ ရွာတွင် ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များ ခုတ်လှဲ မှုများ၍ သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှုအန္တရာယ် များ ဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများ ခရုများကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်း ကြပါသည်။

စိမ့်စမ်းရေကို အဓိကသုံးစွဲကြသဖြင့် မိုးရာသီ၌ ရေကြီးမှုနှင့် ရေတိုက်စားမှုများကြောင့် ရေတားတမံများ ပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်နိုင်ပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များကို မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု၊ ခေါင်းဆောင်မှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများ၏ အခွင့်အရေးမှာ အမျိုးသားများနှင့် နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာ အိမ်ထောင်ကို ဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့် အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်မြဲပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေးအပိုင်းတွင် စိတ်ဝင်စားမှုအလွန်နည်းပါးလှပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေး ကိစ္စများတွင် အမျိုးသားများထက် ပို၍ စွမ်းဆောင်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်မှာ နည်းပါးပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် အနားယူအပန်းဖြေရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာအစည်းအဝေး ဟောပြောပွဲများပြုလုပ်ရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာအစည်းအဝေး ဟောပြောပွဲများ ပြုလုပ်ရန်နေရာများ မရှိသောကြောင့် မဏ္ဍပ် များ စျေးကြီးပေးပြီး ငှားရမ်းသုံးစွဲကြရပါသည်။ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပစ္စည်းများ မရှိပါ။ တအောင်းယဉ်ကျေးမှုအဖွဲ့အစည်း၊ ရှမ်းယဉ်ကျေးမှုအဖွဲ့အစည်း၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့အစည်းများရှိပါသည်။ မိမိတို့၏ ရိုးရာစာပေများကို နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပေးလျှက်ရှိပါသည်။ ရိုးရာဓလေ့များ ထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်း ရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာ များနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

၂၀၂၂တွင် ကျေးရွာမှ လုံခြုံရေးကင်းအဆောက်အဦးနှင့် မီးသတ်အဆောက်အဦး၊ စာကြည့်တိုက်၊ အဆောက်အဦးများ ပေါ်ပေါက်လာစေရန် ကြိုးစားလျှက်ရှိပါသည်။ ဤကဏ္ဍများပြည့်စုံလာပါက

နယ်မြေအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံမှုများ အပြည့်အဝရရှိမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှု စသည့် ဖြစ်စဉ်များ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ သုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါး သုံးစွဲမှု အနည်းငယ် ရှိပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၁	3	3			
၂	ရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	၂	3	3	3		
၃	စိုက်ပျိုးရေးပညာပေးဟောပြောပွဲ	၃	3	3	3		
၄	မွေးမြူရေးပညာပေးသင်တန်း	၄	3	3	3	3	3
၅	ကျန်းမာရေးအသိပညာပေးသင်တန်း	၅		3			

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) ခိုလိတ်ကျေးရွာ

ကျေးရွာ	- ခိုလိတ်ကျေးရွာ
ကျေးရွာအုပ်စု	- မန်းပွဲလုံကျေးရွာအုပ်စု
မြို့နယ်	- လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင်ဗွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။ • စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဗွက်များ၊ချိုင့်များမရှိစေရန်၊ • ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်၊	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၈၀၀'× ၁၂'× ၆") **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု**	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀(ငွေသား) • ၄၁၅၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၀၇	၂၀၉	၄၁၆	၁၂	၈	၂၇	၄၀	၈၇
အကျိုးခံစားမည့်သူဦးရေ	၂၀၇	၂၀၉	၄၁၆	၁၂	၈	၂၇	၄၀	၈၇
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • **ခိုလိပ်**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၉.၉.၂၀၂၀
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၈.၉.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ • လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။ • လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ခိုလိတ်ကျေးရွာ၊ မန်းပွဲလုံကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးပန်းအောင်(ဥက္ကဋ္ဌ)	ဦးအိုက်လျှံ	၁၃/လရန(နိုင်)၁၂၈၀၂၀	၃၈	အဖွဲ့ဝင်	၀၉-၂၆၄၉၂၁၃၄၀
၂	ဦးဆုမောင်	ဦးမောင်ဆု	၁၃/မကန(နိုင်)၀၈၀၄၈၈	၄၅	ဥက္ကဋ္ဌ	၀၉-၄၀၃၇၂၈၂၅၉
၃	ဦးဆန်ဆာ	ဦးအိုက်ရီ	၁၃/လရန(နိုင်)၀၇၀၃၂၆	၅၇	အတွင်းရေးမှူး	၀၉-၄၂၆၉၆၇၆၈၁
၄	ဦးဆန်ခို့	ဦးအောင်ဆာ	၁၃/လရန(နိုင်)၁၁၄၄၂၉	၃၆	ဘဏ္ဍာရေးမှူး	၀၉-၄၅၅၇၇၈၀၂
၅	ဦးထွန်းဆာ	ဦးအိုက်ဆော	၁၃/လရန(နိုင်)၀၆၈၄၀၄	၅၂	စာရင်းကိုင်	၀၉-၄၄၈၅၆၉၁၁၆
၆	နန်းစံခမ်း	ဦးမျိုးမြင့်	၁၃/လရန(နိုင်)၁၆၂၄၀၆	၃၄	အဖွဲ့ဝင်	၀၉-၄၂၈၁၀၂၃၉
၇	ဒေါ်အေးပီး	ဦးအောင်ဆာ	၁၃/လရန(နိုင်)၁၃၈၄၇၇	၃၃	အဖွဲ့ဝင်	၀၉-၇၈၁၉၉၆၁၃၂
၈	ဒေါ်ခမ်းလင်း	ဦးအောင်ဆာ	၁၃/လရန(နိုင်)၁၃၈၄၂၀	၃၀	အဖွဲ့ဝင်	၀၉-၇၈၁၈၆၈၃၈၂
၉	ဦးဆန်ပန်း	ဦးအောင်ဆာ	၁၃/လရန(နိုင်)၁၁၄၄၂၆	၄၀	အဖွဲ့ဝင်	၀၉-၄၅၂၈၈၁၀၁၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ဘ) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ဘ) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၃	၆
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၈	၁၇	၃၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၃	၄၃	၆၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၃	၂၂	၅၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၄	၁၁၆	၂၄၀
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၆	၈	၁၄
စုစုပေါင်း		၂၀၅	၂၀၉	၄၁၆
စုစုပေါင်း အိမ်ထောင်စု				၈၅

ရင်းမြစ်... (ဘ) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ခိုလိပ်ကျေးရွာတွင် ပလောင်လူမျိုးအများစုဖြစ်ပြီး ကျန်တိုင်းရင်းသားများဖြစ်သော ရှမ်း၊ ကချင်၊ ကိုးကန့်စသည့်တိုင်းရင်းသားများလည်း အတူတကွ နေထိုင်ကြပါသည်။ **ကျေးရွာအတွင်းရှိ နို့စို့အရွယ်ကလေးများသည် တစ်လတစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကလေးများသည် ၆နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေများပြားသော်လည်း ရွာတွင်း၌ အလုပ်အကိုင် အခွင့်အလမ်း ရှားသောကြောင့် အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။**

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-ဘ) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၇	၆၈		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂၉	၂၈		မြင့် □လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၅		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း			၄	မြင့် □လတ်□နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့်☐လတ်☐နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့်☐လတ်☑နိမ့်☐
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့်☐လတ်☑နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
